**တရုတ် - မြန်မာနိုင်ငံမြောက်ပိုင်း တိုက်ပွဲများမှ ထွက်ပြေးလာသည့် ကချင်တိုင်းရင်းသားဒုက္ခသည်များအား ကာကွယ်ပေးရန်**

စစ်ဘေးဒဏ်သင့်ဒုက္ခသည်များကို အတင်းအကျပ်ပြန်ခိုင်းခြင်းများကို တားမြစ်ရန် ၊ လူသားချင်းစာနာမှု အကူအညီပေးသော အဖွဲ့အစည်းများအား နေအိမ်အိုးအိမ်များဆုံးရှုံးရနေရသည့် လူမှုအသိုင်းအဝိုင်းများနှင့် တွေ့ ဆုံခွင့်ပေးရန်

(ရန်ကုန် ၊ ဇန်နဝါရီ ၁၃ရက် ၊ ၂၀၁၇) - မြန်မာပြည်အတွင်းဖြစ်နေသည့် ပဋိပက္ခတိုက်ပွဲများမှ ထွက်ပြေးလာသည့် ကချင်တိုင်းရင်းသား ပြည်သူထောင်ပေါင်းများစွာအား အတင်းအကျပ် ပြန်ခိုင်းခြင်းများကို တားမြစ်ရန်၊ တရုတ်အစိုးရအနေဖြင့် သေချာစွာလုပ် ဆောင်ရန် Fortify Rig ၏hts မှယနေ့ ပြောကြားလိုက်ပါသည်။ မြန်မာနိုင်ငံ ကချင်ပြည်နယ်တွင် ဖြစ်ပွားနေသော တိုက်ခိုက်မှုများမှ ထွက်ပြေးလွတ်မြောက်လာသူ ကချင်တိုင်းရင်းသားပြည်သူ ၄၀၀၀ကျော်အား တရုတ်နိုင်ငံသို့ ရောက်ရှိပြီး နောက်တရက်တွင် တရုတ်နိုင်ငံလုံခြုံရေးအင်အားစုများမှ မြန်မာပြည်တွင်းသို့ ဇန်နဝါရီလ ၁၁ရက်နေ့ တွင် အတင်းအကျပ် ပြန်ခိုင်းခဲ့ပါသည်။

"တရုတ်အနေနဲ့ နိုင်ငံရေးခိုလှုံတောင်းခံသူတွေအနေနဲ့ လက်ခံပြီး ရိပ်သာအဆောင်တွေမှာထားသင့်တယ် ဒုက္ခမီးတွေထဲကို ပြီးမပို့ရဘူး"ဟု Fortify Rights၏ စီမံခန့်ခွဲအုပ်ချုပ်ရေးမှူး Matthew Smithမှပြောကြားခဲ့ပါသည်။ "မြန်မာစစ်တပ်က ထိထိရောက် ရောက်အတင်းအကျပ် ဒေသခံအရပ်သားတွေကို နိုင်ငံတွင်းကနေထွက်သွားဖို့ လုပ်နေတဲ့အချိန်မှာ တရုတ်ကလည်း ပြန်ဖို့ အတင်း တွန်းပို့ နေတယ်"

ကချင်ပြည်နယ် Nagyang နယ်အတွင်း Zai Awng/Mungga Zup နှင့် Hkau Shau ဒုက္ခသည်စခန်းများအနီးတွင် မြန်မာစစ်တပ်မှ လေးကြောင်းဖြင့်ပြင်းထန်းစွာတိုက်ခိုက်ခဲ့ခြင်းကြောင့် ဇန်နဝါရီလ ၁၀ရက်နေ့ တွင် အမျိုးသမီးများ၊ ကလေးငယ်များ နှင့် သက်ကြီးရွယ်အိုများအပါအဝင် အရပ်သား ၄၀၀၀ကျော် မြန်မာနိုင်ငံမှ ထွက်ပြေးလာကြပါသည်။ နယ်ခံအဖွဲ့ အစည်း ၉ခုပူးပေါင်းထားသည့် ပူးတွဲ မဟာဗျူဟာ အဖွဲ့ (JST)၏အစီရင်ခံချက်အရ Hkau Shau ရွာမှ ရွာသူရွာသားများ နှင့် နီးစပ်ရာ အိုးအိမ်မရှိအခြေအနေမဲ့နေ စခန်း (IDP) ၂၃ မှလူများသည် ဇန်နဝါရီလ ၁၁ရက်နေ့ ခန့် မှန်းခြေ မနက် ၄နာရီအချိန်မှ စတင်ကာ တရုတ်နိုင်ငံထဲသို့ ဖြတ်ကူးဝင်လာကြသည်။ တရုတ်နယ်နမိတ်ထဲသို့ဦးစွာဝင်ရောက်သွားကြသည့် မိသားစုအချို့ကို တရုတ်နိုင်ငံ လုံခြုံရေးအင်အားစုများမှ နိုင်ငံ ရေးခိုလှုံခွင့်တောင်းခံသူများအဖြစ်လက်ခံခဲ့ကြောင်း Fortify Rightsမှ အစီရင်ခံချက်များ လက်ခံရရှိခဲ့ပါသည်။ ဇန်နဝါရီလ ၁၁ရက် နေ့ တွင် မနက်မိုးလင်းချိန်တွင် နယ်စပ်ကိုဖြတ်၍ ဝင်ရောက်လာသည့်ဒုက္ခသည်များ နှင့်အစောပိုင်းမှ ဖြတ်ကျော်၍ဝင်ရောက်လာသူများအားလုံးကို တရုတ်နိုင်ငံလုံခြုံရေးအင်အားစုများမှ အတင်းအကျပ် ပြန်ခိုင်း စေခဲ့ပါသည်။

မြန်မာ နှင့် တရုတ် နယ်စပ်အနီးရှိတိုက်ခိုက်မှုများကြောင့် Maga Yang အိုးအိမ်အခြေအနေမဲ့ကယ်ဆယ်ရေး စခန်းသို့ နောက်ထပ် ဝင်ရောက်လာသူ ၂၅၀၀ သည်လည်း ထွက်ပြေးရန်ပြင်ဆင်နေပြီဖြစ်သည်ဟု JST ၏ကိုယ်စားလှယ်များမှ Fortify Rights သို့ ပြောပြခဲ့ပါသည်။ ယနေ့ နေ့ လည် ၁နာရီတွင် ရန်ကုန်မြို့ ၌ လူမှုအကူအညီများပေးရန် အရေးပေါ်တင်ပြခြင်းအတွက် အစည်းဝေးကို JST ကိုယ်စားလှယ်များမှ ပြုလုပ်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင်း ပဋိပက္ခတိုက်ပွဲများပိုမို မြင့်မားစွာဖြစ်နေခြင်းနှင့် တရုတ်နိုင်ငံမှ အကာအကွယ်ပေးမှုနည်းပါးခြင်းတိုက ပဋိပက္ခ ဖြစ်ပွားနေသည့်နေရာတွင်နေထိုင်နေသူ ကချင်လူမှုအသိုင်းအဝိုင်းများအား လုံခြုံမှုမရှိသည့် ခံစားချက်ကို ပိုမိုကြီးထွားစေပါသည်။

"ကျွန်တော်တို့ ကို တရုတ်နိုင်ငံထဲကို ဝင်ရောက်ခွင့်မပေးဘူး" ဟု Maijayang မြို့ နယ်အနီးရှိ Kahtawng IDP ကယ်ဆယ်ရေးစခန်း မှ အသက်၂၀အရွယ် ကချင်အမျိုးသားတဦးမှ Fortify Rights အားပြောပြခဲ့ပါသည်။ "ကယ်ဆယ်ရေးစခန်းမှာ ကျည်ဆံတွေကျလာ ရင် ပြီးတော့ကျွန်တော်တို့အနီးအနားမှာ တိုက်ပွဲတွေဖြစ်နေရင် ကျွန်တော်တို့ ဘယ်ကိုပြေးရမလဲ? ကျွန်တော်တို့ မှာပြေးစရာနေရာ မရှိဘူး။ တရုတ်အစိုးရက ကျွန်တော်တို့ ကိုလက်မခံမှာကြောက်တယ်။ ကျွန်တော်တို့ အနားမှာ တိုက်ပွဲတွေဖြစ်တာနဲ့ နယ်စပ်မှာ တရုတ်စစ်သားတွေအပြည့်ဘဲ ပြီးတော့ ဘယ်သူ့ ကိုမှဖြတ်ခွင့် မပေးဘူး"

မြန်မာစစ်တပ် နှင့် ကချင်ပြည်နယ်တွင်အခြေချလှုပ်ရှားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ -ကချင်လွတ်မြောက်ရေးတပ်မတော် (KIA)တို့ကြား တိုက်ခိုက်မှုများကြောင့် လွန်ခဲ့သောအပတ်များအတွင်း လူပေါင်း ၂၃၀၀၀ထောင်ကျော်သည် အိုးမဲ့အိမ်မဲ့အခြေအနေသို့ ကျရောက်ခဲ့ပါသည်။ Laiza မြို့ မြောက်ပိုင်းရှိ Zai Awng IDP ကယ်ဆယ်ရေးစခန်း မှခန့်မှန်းခြေ လူပေါင်း၂၅၆၀ သည် စခန်းအနီး ကျည်ဆံများ ကျခဲ့ခြင်းကြောင့် ဒီဇင်ဘာလ ၂၇ရက်နေ့တွင်ထိုစခန်းမှ ထွက်ပြေးသွားကြသည်ဟု JST မှ အစီရင်ခံတင်ပြခဲ့ပါသည်။ ထိုကဲ့သို့ သောတိုက်ခိုက်မှုများဖြစ်ခဲ့ခြင်းကြောင့် Mung Lai Hket IDP ကယ်ဆယ်ရေးစခန်းမှ လူပေါင်းရာကျော်သည်လည်းထို စခန်းမှ KIA အခြေချရုံးစိုက်သည့် Laiza မြို့တွင်ရှိသော Woi Chyai IDP စခန်းသို့ ပြောင်းရွှေ့ခဲ့ရပါသည်။ ဒီဇင်ဘာလ အစောပိုင်းတွင် မြန်မာစစ်တပ် နှင့် အစိုးရမဟုတ်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၄ဖွဲ့ ပေါင်းစည်းထားသည့် မြောက်ပိုင်း ညီအကိုများမဟာမိတ် (NBA) တို့ တိုက်ခိုက်နေသည့်အချိန်အတွင်း မြန်မာစစ်တပ်သည် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ဘုရားကျောင်းများ ၊ ကျောင်းများနှင့် အခြားသော အစိုးရမဟုတ်သည့်အဖွဲ့ များကို ဦးတည်ကာ ဖုံးကြဲတိုက်ခိုက်ခဲ့သည်ဟုမှတ်တမ်းများအရ သိရှိရပါသည်။ ဤကဲ့သို့သော တိုက်ပွဲများသည် ကချင် နှင့် ရှမ်းပြည်သူထု ၁၅၀၀၀အား အိုးမဲ့ အိမ်မဲ့ဖြစ်စေခဲ့ပြီး တရုတ်နိုင်ငံ တွင်းသို့ ထွက်ပြေးရန်လည်း ဖြစ်စေခဲ့ပါသည်။

အရပ်သားအစိုးရအပါအဝင် မြန်မာ အစိုးရအာဏာပိုင်များ မှ လူမှုကူညီရေးအထောက်အပံ့ပေးသော အဖွဲ့ များအား ကချင်ပြည်နယ် နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း သို့ လွတ်လပ်စွာဝင်ရောက်လုပ်ဆောင်ရန် ဆက်လက်တားမြစ်ခဲ့ခြင်းများက အခြေအနေမဲ့ဖြစ်နေသည့် လူမှုအသိုင်းအဝိုင်းများ အတွက် လုံလောက်သည့် အစားအသောက်၊ ကျန်းမာရေးကူညီစောင့်ရှောက်ပေးခြင်း နှင့် အခြားလူမှုအကူ အညီများပေးခြင်းကို ငြင်းပယ်သည့် အနေအထားဖြစ်နေပါသည်။

"ဒါဟာညှင်းပန်းနှိပ်စက်တဲ့ နည်းလမ်းဘဲဖြစ်တယ်။ မြန်မာအစိုးရက ပြည်သူလူထုကို ပိုပြီးအကျဉ်းအကျပ်ဖြစ်စေတဲ့ အနေအထားကို ရောက်စေပြီးတော့ သူတို့ကို ဖုံးကြဲတိုက်ခိုက်တာတွေလုပ်နေတဲ့အချိန်မှာ လူမှုအကူအညီတွေကိုလည်းဖြတ်ထားတယ်"ဟု Matthew Smithမှပြောခဲ့ပါသည်။ "တရုတ်အာဏာပိုင်တွေက မှန်ကန်တဲ့လုပ်ရပ်ကိုလုပ်သင့်တယ် ပြီးတော့အကာအကွယ် အထောက်အပံ့ပေးရမယ်"

ကုလသမဂ္ဂ၏ လူ့ အခွင့်အရေးအပေါ်အထူးပြောရေးဆိုခွင့်ရှိသူ Yanghee Lee သည် တိုက်ပွဲများဆက်လက်ဖြစ်နေသည့် တရုတ်နိုင်ငံနယ်စပ်အနီး အစိုးရထိန်းချုပ်နယ်မြေဖြစ်သည့် ကချင်ပြည်နယ်တွင် ၁၂ ရက်တာ စောင့်ကြည့်စစ်ဆေးသည့် မစ်ရှင် အဖွဲ့ဖြင့် ရောက်ရှိနေပါသည်။ မြန်မာအစိုးရမှ အထူးပြောရေးဆိုခွင့်ရှိသူအား ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်း ပဋိပက္ခကျရောက်နေသည့် နေရာများသို့ ဝင်ရောက်ခွင့်ကို ငြင်းပယ်ခဲ့ပါသည်။

Fortify Rights မှ မြန်မာအစိုးရအား ကုလသမဂ္ဂ နှင့် အပြည်ပြည်ဆိုင်ရာ လူမှုအကူအညီအထောက်အပံ့ပေးသည့် အဖွဲ့ များအား ထိန်းချုပ်မှုမလုပ်ဘဲ လွတ်လပ်စွာဖြင့် မြန်မာပြည်တွင်းရှိ ပဋိပက္ခများဖြစ်နေသည့် နေရာများသို့ ဝင်ရောက်ခွင့် ချက်ချင်းပေးရန် တောင်းဆိုခဲ့ပါသည်။ ထို့ အပြင် Fortify Rightsမှ ကုလသမဂ္ဂ၊ အပြည်ပြည်ဆိုင်ရာ အကူအညီပေးသည့် အဖွဲ့ များနှင့် ထောက်ပံ့ အလှူငွေပေးသည့် အစိုးရများအား ကချင်လူမျိုးများ၏သက်သာချောင်ချိရေးအတွက် ကြိုးပမ်းလုပ်ဆောင်မှုများကို ထောက်ပံ့ပေးရန် နှင့် ထိုထောက်ပံ့များကို နှစ်ဆတိုးပေးရန်တောင်းဆိုခဲ့ပါသည်။

၂၀၁၁ခုနှစ် မှစတင်ကာ ကချင်ပြည်နယ် နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း တို့ တွင်ပိုမိုပြင်းထန်သည့်ပဋိပက္ခတိုက်ပွဲများဖြစ်ခဲ့သည့်အပြင် တရုတ်ကုမ္ပဏီ၏ ငွေကြေးဖြင့် စီမံလုပ်ဆောင်နေသည့် ဟိုက်ဒရိုဂျင်စွမ်းအင် ရေလှောင်တမံ အနီးတွင် မြန်မာစစ်တပ်မှ KIA ၏ ရှေ့တန်းကင်းစခန်းများကို အကြိမ်များစွာတိုက်ခိုက်ခဲ့ခြင်းက ၁၇နှစ်ကြာခဲ့သည့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုကို ချိုးဖျက်စေခဲ့ပါသည်။ တိုင်းရင်းသားပြည်သူ ၁၂၀၀၀၀ ကျော်သည် အိုးမဲ့အိမ်မဲ့ အခြေအနေသို့ ရောက်ရှိခဲ့ရပြီး ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ နေရာပေါင်း၁၇၀တွင် အခြေအနေမဲ့နေသူများအဖြစ် အခြေချနေထိုင်နေရပါသည်။

ဖေဖော်ဝါရီလ ၂၀၁၅ခုနှစ်တွင် မြန်မာစစ်တပ်၏ ရှမ်းပြည်တွင်းတိုက်ခိုက်မှုများကြောင့် ကိုးကန့် တိုင်းရင်းသား ၅၀၀၀၀ကျော်သည် တရုတ်နိုင်ငံသို့ ထွက်ပြေးထိန်းရှောင်ခဲ့ရပြီး တရုတ်အစိုးရမှ ထိုသူများအား အစားသောက်၊ ဆေးဝါး နှင့် ယာယီနားခိုရန်နေရာများကို ထောက်ပံ့ပေးခဲ့ရပါသည်။ သို့ သော်လည်း ၂၀၁၁ခုနှစ်မှစတင်ကာ မြန်မာစစ်တပ်နှင့် KIA တို့ အကြား တိုက်ခိုက်မှုများကြောင့်

ထွက်ပြေးလာသည့် ကချင်တိုင်းရင်းသားပြည်သူ ထောင်ပေါင်းများစွာအား တရုတ်အစိုးရမှဝင်ရောက်ခွင့်ကို ငြင်းပယ်ခဲ့ပြီးအတင်းအကျပ် ပြန်နိုင်းခဲ့ပါသည်။

နိုင်ငံရေးခိုလှုံခွင့်တောင်းသူများအား ပဋိပက္ခ ဖြစ်နေသည့်နေရာများကြောင့် တွေ့ကြုံရမည့် အန္တရာယ်များကိုသေချာစွာလေ့လာသုံးသပ် ခြင်း မရှိဘဲပြန်နိုင်းခြင်းသည် တရုတ်နိုင်ငံမှအပြည်ပြည်ဆိုင်ရာဥပဒေအောက်မှ တာဝန်သိစိတ်ဖြင့်လုပ်ဆောင်ပေးခြင်း ကိုချိုးဖောက်ခြင်းဖြစ်သည်ဟု Fortify Rights မှ ပြောခဲ့ပါသည်။

တရုတ်နိုင်ငံသည် ၁၉၅၁ ဒုက္ခသည် သဘောတူညီချက်နှင့် ၁၉၆၇၏ သံခင်တမန်ခင်းကျင့်ဝတ်များကိုသဘောတူသည့် ပါတီဝင်နိုင်ငံဖြစ်ပါသည်။ ဒုက္ခသည်သဘောတူညီချက်များနှင့် သံခင်တမန်ခင်းကျင့်ဝတ်များကိုသဘောတူသည့် နိုင်ငံအနေဖြင့် တရုတ်နိုင်ငံသည် ဥပဒေအရ နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူများ၏ အခွင့်အရေးများကို ပံ့ပိုးပေးရန်နှင့် ဒုက္ခသည်များအားအကာအကွယ်ပေးရန် အကျုံးဝင်ပါသည်။ သို့သော်လည်း တရုတ်နိုင်ငံသည် တရားဥပဒေနှင့်အညီ နိုင်ငံရေးခိုလှုံခွင့် တောင်းခံသူများ၏ လျှောက် ထားချက်များကို သေချာစွာစစ်ဆေးခြင်းနှင့် နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် အကာအကွယ်ပေးခြင်းများကို သေချာစွာလုပ်ဆောင်ပေးခြင်းများမရှိသေးပါ။ နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူများအားပြန်မပို့ ရန်ချမှတ်ထားသည့် ကျင့်ဝတ်များအောက်တွင် အပြည်ပြည်ဆိုင်ရာဥပဒေကျင့်သုံးမှု ဝိနည်းများအရ ဒုက္ခသည်များအား သူတို့၏အသက်ရှင်နေထိုင်ရေးနှင့် လွတ်လပ်ခွင့်များကို ခြိမ်းခြောက်နေသည့် နေရာများသို့ အတင်းအကျပ်ပြန်နိုင်းခြင်းကို မပြုလုပ်ရန် တရုတ်နိုင်ငံသည်တာဝန်သိစိတ်ဖြင့် လုပ်ဆောင်ရမည် ဖြစ်ပါသည်။

"လွန်ခဲ့တဲ့ နှစ်အနည်းငယ်အတွင်းမှာ တရုတ်အစိုးရအာဏာပိုင်တွေက မြန်မာနိုင်ငံအား ကုလသမဂ္ဂနှင့် အကူအညီပေးသည့် အဖွဲ့များအား နယ်စပ်ဒေသများသို့ ဝင်ရောက်ခွင့်ကို မပေးဘဲ ငြင်းပယ်ရန် ဖိအားပေးခဲ့တဲ့အပေါ် မြန်မာအစိုးရက လုပ်ဆောင်ခဲ့တယ်" ဟု Matthew Smith မှပြောခဲ့ပါသည်။ "ပြည်သူလူထု အနည်းစုကို အကာအကွယ်ပေးပြီး ကူညီထောက်ပံ့ခွင့် ကို ငြင်းပယ်တာက တရားဥပဒေအရ ပြဿနာဖြစ်စေတာမကဘဲ နဲ့ ပီကင်း နဲ့ နေပြည်တော်ရဲ့ စိတ်ဝင်စားမှုကို ဆန့် ကျင်နေတယ်"

သတင်းအချက်အလက်များပိုမိုရယူလိုပါက ဆက်သွယ်ရန်

Amy Smith, Executive Director, +66 (0) 87.795.5454,43012902

amy.smith@fortifyrights.org; Twitter: @AmyAlexSmith, @fortifyrights

Matthew Smith, Chief Executive Officer, +66 (0) 87.795.5454,

matthew.smith@fortifyrights.org; Twitter: @matthewfsmith, @fortifyrights

**FORTIFY RIGHTS အကြောင်း**

Fortify Rightsသည် လူ့အခွင့်အရေးချိုးဖောက်ခြင်းများကို တားဆီးပြီး ဖြစ်သင့်ရသင့်သောအရာများအတွက် တရား ဥပဒေနည်း အအရလုပ်ဆောင်ပေးသောအဖွဲ့ အစည်းဖြစ်ပါသည်။ ကျွန်ုပ်တို့ အနေဖြင့် ညှင်းပန်းနှိပ်စက်ခြင်းများကို မှတ်တမ်းတင်ခြင်း ၊ အထူးတည်ထွင်ထားသည့်နည်းပညာစနစ်ဖြင့် လူ့ အခွင့်အရေးကာကွယ်စောင့်ရှောက်သူများကို အထောက်အကူပေးခြင်း နှင့် ရလဒ်အဖြေများရရှိရန်သတင်းစာရှင်းလင်းပွဲများပြုလုပ်ပါသည်။ ကျွန်ုပ်တို့ သည် Switzerlandနှင့်အမေရိကန်ပြည်ထောင်စု တွင်မှတ်ပုံတင်ကာ အရှေ့တောင် အာရှတွင် အခြေချသော လွတ်လပ်စွာရပ်တည်နေသည့် အကျိုးအမြတ်ရရှိရန်အတွက်မဟုတ်သော အအစိုးရမဟုတ်သည့်အဖွဲ့ အစည်း ဖြစ်ပါသည်။